http://www.dhammadownload.com

အနန္တကျေးဇူးတော်ရှင်
ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ
ပဓာန နာယကဆရာတော်

# ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ

စံလွန်တော်မူသည့် တစ်လပြည့် အထိမ်းအမှတ်
စုစည်းပူဇော်သော

# အမှတ်တရ ဓမ္မစာစုများ

http://www.dhammadownload.com

အနန္တကျေးဇူးတော်ရှင်
ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ
ပဓာနနာယကဆရာတော်

# ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ

စံလွန်တော်မူသည့် တစ်လပြည့် အထိမ်းအမှတ်
စုစည်းပူဇော်သော

# အမှတ်တရ ဓမ္မစာစုများ

http://www.dhammadownload.com




ပဏ္ဍိတာရာမ ရွှေတောင်ကုန်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ

http://www.dhammadownload.com

အနန္တ ကျေးဇူးတော်ရှင်
ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ
ပဓာနနာယက ဆရာတော်ဘုရားကြီး ၏

# ထေရုပ္ပတ္တိအကျဉ်း

ကျေးဇူးတော်ရှင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ဘုရားကြီးကို ၁၂၈၃-ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၉)ရက်၊ ၁၉၂၁-ခုနှစ်၊ ဇူလိုင်လ (၂၈)ရက်၊ ကြာသပတေးနေ့တွင် ရန်ကုန်မြို့၊ တံတားကလေးရွာ၊ ရွှေဘိုစု၌ ခမည်းတော် ဦးဖေ၊ မယ်တော် ဒေါ်ချစ်စုတို့မှ ဖွားမြင်တော်မူခဲ့သည်။ မွေးချင်း (၁၀)ယောက်အနက် နဝမသားရတနာ ဖြစ်ပါသည်။

ငယ်စဉ်ကလေးဘဝက ချိန်ရွယ်စူးကာ မလွတ်တန်းပစ်နိုင်လောက်အောင် ဒိုးပစ်ကစားနည်းကို အလွန်နှစ်သက်ခဲ့သည်။ အသက် ၄-နှစ် အရွယ်တွင် မိခင်ကြီး

http://www.dhammadownload.com



ကွယ်လွန်၍ ၁၂-နှစ်အရွယ်တွင် ဖခင်ကြီးကွယ်လွန်သွားခဲ့ပါသည်။ ၇-နှစ်သား အရွယ်အတွင် ပဲခူး၊ ကော့ခဲ ကျေးရွာကျောင်း ဆရာတော် အရှင်ဇာဂရထေရ်ထံတွင် ပညာစတင်သင်ယူကာ ကျောင်းသားအရွယ်ကပင် ကဝမြို့နယ်၊ အုန္နဲရွာ၊ ဒက္ခိဏာရုံ ရွှေကျင်တိုက် ပရိယတ္တိအာဂုံစာပြန်ပွဲတွင် ပထမငယ်နှင့် ပထမလတ်တို့ကို ပြန်ဆို အောင်မြင်တော်မူခဲ့သည်။

၁၂-နှစ်သားအရွယ်တွင် ဆရာတော်အရှင် ဇာဂရထံ၌ပင် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။

၁၈-နှစ်အရွယ်တွင် ပဲခူးကျောက်တန်းရွာ မဟာဗောဓိတောရ ဆရာတော်ဘုရားကြီး အရှင်ကေလာသ မဟာထေရ်ထံရောက်ရှိကာ နေ့ဝါညဝါဆိုင်ရာကျမ်းစာများ ဆက်လက်သင်ကြားရင်း ကျောက်တန်း မဟာဗောဓိ တောရတိုက် ပရိယတ္တိအာဂုံ စာပြန်ပွဲတွင် ပထမကြီးတန်းကို ပြန်ဆိုအောင်မြင်တော်မူခဲ့သည်။

သက်တော် (၂၀)ပြည့်သောအခါ ၁၃၀၂-ခုနှစ်၊ တပို့တွဲလဆန်း(၈)ရက်နေ့တွင် ကျောက်တန်းရွာ ဦးဘိုးဟန်-ဒေါ်သောင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက်

http://www.dhammadownload.com

မဟာဗောဓိတောရတိုက် ခဏ္ဍသိမ်တော်ကြီး၌ မဟာဗောဓိတောရဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ရောက်တော်မူသည်။

ဒုတိယကမ္ဘာစစ်ပြီးကာလတွင် သဃ်န်းကျွန်း၊ ကျိုက္ကစံ ရွှေကျောင်တိုက်သစ်တွင် စာသင်သားများအား အကူစာချအဖြစ် စာပေပို့ချရင်း ၁၃၀၈-ခုနှစ်၊ သက်တော် (၂၆)နှစ်တွင် ရှေးဦးအစ ကျင်းပသောပါဠိ ပထမပြန်စာမေးပွဲတွင် ပထမလတ်တန်းကို အောင်မြင်တော်မူခဲ့ပါသည်။ ၁၃၀၉-ခုနှစ်၊ သက်တော် (၂၇)နှစ်တွင် ပထမကြီးတန်းကိုလည်းကောင်း၊ စေတိယင်္ဂဏ ပရိယတ္တိ သီးခြား စာသင်တန်းကိုလည်းကောင်း အောင်မြင်တော်မူခဲ့ပါသည်။

၁၃၁၀-ခုနှစ်၊ သက်တော်(၂၈)နှစ်တွင် မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ ဇီးပင်ဆရာတော် အရှင်သုဇာတထေရ်ကို မှီခိုလျက် ဆရာမြတ်များထံမှ စာချတန်းဆိုင်ရာ အထက်တန်းပါဠိ အဋ္ဌကထာ ဋီကာတို့ကို ဆက်လက်လေ့လာဆည်းပူးတော်မူခဲ့ပါသည်။

ရန်ကုန်မြို့ ဘုရားကြီးတိုက်မှလည်းကောင်း၊ ဆရာကြီး ဦးအောင်မြတ်ထွန်းထံမှလည်းကောင်း၊

http://www.dhammadownload.com



သံလျင် သပြေကန် ဓမ္မိကာရာမတိုက် အရှင်ဝါသေဌာဘိဝံသထံမှလည်းကောင်း၊ စာချတန်းဆိုင်ရာ နည်းနာနိဿယတို့ကိုလည်း လေ့လာဆည်းပူးတော် မူခဲ့ပါသည်။

၁၃၁၃-ခုနှစ်၊ သက်တော် (၃၀)အရွယ်တွင် သိရီပဝရ ဓမ္မာစရိယတန်းနှင့် သာသနဓဇ သိရီပဝရဓမ္မာစရိယတန်းကို အောင်မြင်တော်မူခဲ့ပါသည်။ ၁၃၁၄-ခုနှစ်၊ သက်တော် (၃၁) နှစ်တွင် စေတီယင်္ဂဏစာချတန်းကို ပထမဖြင့် ဖြေဆိုအောင်မြင်တော်မူခဲ့ပါသည်။ ကျိုက္ကစံ ရွှေကျင်ကျောင်း၌ သီတင်းသုံးစဉ်အခါက ကျောင်းတိုက်အနီးမှ ဆရာကြီး ဦးဖေသင်ထံတွင် အင်္ဂလိပ်စာကို သင်ယူဖူးခဲ့ပြီး ဆရာကြီး ဦးဖေသင်နှင့် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း ဆရာတော်လောင်းလျာတို့သည် "တရားကို စပြီးတွေ့သူက ပြောကြစတမ်း" ဟု ကတိကဝတ်ပြုထားကြရာ ဆရာကြီးက ရှေးဦးစွာ မဟာစည်ရိပ်သာ၌ အားထုတ်ရာ ကျေနပ်အားရသွားပါသည်။ ထိုအခါ ပဏ္ဍိတာရာမဆရာတော် လောင်းလျာအား မဟာစည်ရိပ်သာသို့သွား၍ အားထုတ်ပါရန် တိုက်တွန်းလျှောက်ထားချက်အရ ၁၃၁၂-ခုနှစ်၊ သက်တော် (၂၉)နှစ်တွင် ကျေးဇူးရှင် မဟာစည် ဆရာ

http://www.dhammadownload.com



တော်ဘုရားကြီးထံသို့ ချဉ်းကပ်ပြီး ဆရာတော်ဘုရားကြီး၏ဩဝါဒကိုခံယူကာ ကမ္မဋ္ဌာနာစရိယ အရှင်ဝိစာရ၏ ညွှန်ကြားနည်းပေးမှုအတိုင်း သတိပဋ္ဌာန် ဝိပဿနာ ပဋိပတ္တိလုပ်ငန်းကို စတင်ကြိုးပမ်း အားထုတ်တော်မူခဲ့ပါသည်။ လေ့လာပြီးသော ပရိယတ္တိနောက်တွင် လက်တွေ့ထိရောက်အောင် ပဋိပတ္တိ လိုက်နိုင်မှသာ ဗုဒ္ဓသာသနာတော်မှာ ထောက်တည်ရာရလိမ့်မည်ဟု ယုံကြည်ချက်မြဲစွာ ရှိတော်မူခဲ့ပါသည်။ တရားကို ကိုယ်တိုင်ကျင့်သုံး အားထုတ်ပြီးသောအခါ နီးစပ်ရာ ဆွေမျိုး သိတင်းသုံးဖော် တစ်နိုင်ငံလုံး တစ်ကမ္ဘာလုံးကို ပြန့်နှံ့စေလိုစိတ်များ တဖွားဖွား ပေါ်ပေါက်တော်မူခဲ့ပါသည်။

ဓမ္မအရသာဟာ ကမ္ဘာပေါ်မှာ ရှိရှိသမျှ အရသာတွေထက် အဆပေါင်းများစွာ သာတယ်ဆိုတာကို သိရှိခံစားစေလိုမှု၊ ဓမ္မဖြင့် ဂုဏ်သရေတင့်၍ ဘဝတွေလှပစေလိုမှု စသော ဆန္ဒများ ဖြစ်တော်မူလာခဲ့ပါသည်။ ၁၃၁၆-ခုနှစ် သက်တော် (၃၃)တွင် စာချရင်း ဆဋ္ဌသံဂါယနာတင် ကိစ္စ၊ ပါဠိဝိသောဓေကကိစ္စတို့ကိုလည်း ဆောင်ရွက်တော်မူခဲ့ပါသည်။

http://www.dhammadownload.com

၁၃၁၇-ခုနှစ် သတိပဋ္ဌာန်ဝိပဿနာလုပ်ငန်းကို ဆက်လက်လေ့လာဆည်းပူးရန် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးထံသို့ ရောက်လာပြီး ဆရာတော်ကြီး ပေးအပ်သော တာဝန်တို့ကို ဆောင်ရွက်တော်မူခဲ့ပါသည်။

၁၃၂၀-ခုနှစ်၊ သက်တော်(၃၇)တွင် သီဟိုဠ်နိုင်ငံကိုလံဘိုမြို့၌ ကမ္မဋ္ဌာန်းဌာနသစ်ဖွင့်ရန်အတွက် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ဆရာတော်ကို ခေါ်ဆောင်သွားတော်မူခဲ့ပါသည်။ သီဟိုဠ်တွင် ပဋိပတ္တိသာသနာပြု လုပ်ငန်းကို မဟာစည်ဆရာတော်ကြီး၏ ဩဝါဒတော် အတိုင်း (၃)နှစ်နီးပါး ဆောင်ရွက်တော်မူခဲ့ပါသည်။ ကျန်းမာရေး မပြည့်စုံသဖြင့် မြန်မာပြည်သို့ ပြန်ကြွလာပြီး မဟာစည်ဆရာတော်ဘုရားကြီး၏ထံမှာပင် ဆန်းကြယ်နက်နဲလှသော ပရိယတ္တိ ပဋိပတ္တိ နည်းနိဿယများကို ဆက်လက်ဆည်းပူးရင်း ဆရာတော်ဘုရားကြီးထံ နည်းခံ၍ အားထုတ်ရန် ရောက်လာကြသော ယောဂီများအားလည်း ဟောကြားညွှန်ပြပေးတော်မူခဲ့ပါသည်။

၁၃၄၀-ခုနှစ်၊ ခရစ်နှစ် ၁၉၇၉-ခုနှစ်၊ သက်တော်

http://www.dhammadownload.com



(၅၇)တွင် မဟာစည်သာသနာ့ရိပ်သာ၌ နာယဆရာတော်တစ်ပါးအဖြစ် တာဝန်ယူထမ်းဆောင်တော်မူခဲ့ပြီး ၁၉၈၂-ခုနှစ် မဟာစည်ဆရာတော် ဘုရားကြီးစံလွန်တော်မူသွားသောအခါ ဆရာတော်ဘုရားကြီး၏ သာသနာ့အမွေကိုခံယူလျက် မဟာစည်သာသနာ့ရိပ်သာကြီး၏ ဩဝါဒါစရိယ ဆရာတော်အဖြစ် ၈-နှစ်တာမျှ သာသနာ့တာဝန်ကို ကြိုးပမ်းဆောင်ရွက်တော်မူခဲ့ပါသည်။

၁၉၉၀-ခုနှစ် သက်တော် (၆၈)တွင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာကို စတင်တည်ထောင်တော်မူခဲ့ပြီး အနာဂတ်သာသနာရေးအတွက်ပါ အမြော်အမြင် ကြီးမားသော်မူသော ဆန္ဒတော်ဖြင့် ပရိယတ်မကင်းသော ပဋိပတ်၊ ပဋိပတ်မကင်းသော ပရိယတ်သာသနာပြုလုပ်ငန်းကို ဗုဒ္ဓနည်းကျ မဟာစည် ဆရာတော်ဘုရားကြီး၏ ဩဝါဒတော်အတိုင်း စဉ်ဆက်မပြတ် ဆောင်ရွက်တော်မူခဲ့ပါသည်။ ကြီးမားသောမေတ္တာ၊ ထက်သန်လှသော ဇွဲလုံ့လဖြင့် ဓမ္မဂုဏ်ရည်ပြည့်ဝသဖြင့် ပဏ္ဍိတာရာမ ဆရာတော်ဘုရားကြီး၏ သီလသမာဓိ ပညာဂုဏ် အရိပ်အောက်တွင် ခိုလှုံခွင့်ရခဲ့၍

http://www.dhammadownload.com



ဓမ္မသြဇာ သောက်သုံးခွင့်ရကြသူ ပြည်တွင်းပြည်ပ ယောဂီအများပင်ရှိခဲ့ပါပြီ။ ၂၀၀၇-ခုနှစ် သက်တော် (၈၆)နှစ်တွင် ကျန်းမာရေးအတွက် နှလုံးခွဲစိတ်ကုသမှု ခံယူခဲ့ပြီးနောက် သက်တော်နှင့်မမျှအောင် ဓမ္မဂုဏ်ရည် ပြု လုပ်ငန်းအရှိန်များ တိုးမြှင့်ခဲ့ပါသည်။ ပဏ္ဍိတာရာမ တောစခန်းရိပ်သာတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ရက် ပေါင်း (၆၀)အထူးတရားစခန်းပွဲအပြင် ပြည်ပတရား စခန်းပွဲများ ပြုလုပ်ရာ အမေရိက၊ ထိုင်ဝမ်၊ နီပေါ၊ စင်္ကာပူနိုင်ငံများသို့ ကြွရောက်ကာ ဓမ္မဂုဏ်ရည်များ ပြသနေဆဲဖြစ်ပါသည်။

ပြည်တွင်းတွင် ရန်ကုန်၊ ပဲခူး၊ သန်လျင်၊ မော် လမြိုင်၊ ကျွဲခြံ၊ ပြင်ဦးလွင်၊ ထောက်ကြံ့ရိပ်သာခွဲများရှိ လာပြီး ပြည်ပတွင် နီပေါ၊ သြစတြေးလျ၊ ကိုရီးယား၊ အင်္ဂလန်၊ အမေရိက၊ ကနေဒါ၊ မလေးရှား၊ စင်္ကာပူနှင့် ထိုင်ဝမ်ရိပ်သာခွဲများရှိလာကာ ဓမ္မအလင်းများ ဖြန့်ဝေ ပေးလျက် ရှိနေပါသည်။

ရိပ်သာခွဲများအားလုံးသည် ကျေးဇူးတော်ရှင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း ဆရာတော်ဘုရားကြီး၏ မြင့်မြတ်ကြီးမားလှသော ဆန္ဒတော်နှင့်အညီ ပရိယတ်

http://www.dhammadownload.com

( ၅ )

မကောင်းသော ပဋိပတ်၊ ပဋိပတ် မကောင်းသော ပရိယတ်ကို အားသွန်စိုက်၍ လက်တွဲညီညီ ကြိုးစားဆောင်ရွက် လျက်ရှိနေပါသည်။ ၂၀၁၀-ခုနှစ်မှစ၍ ပြည်တွင်း/ပြည်ပ ရိပ်သာခွဲများအားလုံးသည် လုပ်ငန်းများတစ်ပြေးညီ ဆောင်ရွက်နိုင်ရန်နှင့် သာသနာရေးလုပ်ငန်းများ ရေရှည်လည်ပတ်နိုင်ရန်အတွက် ဆရာတော်ဘုရားကြီး ၏ ဆုံးမဩဝါဒတို့ကိုခံယူကာ မျက်နှာစုံညီ ဓမ္မမိသားစု ဆုံစည်းပွဲကို ကျင်းပလာခဲ့သည်မှာ ယခုနှစ် ၂၀၁၆ ဆိုလျှင် (၇)ကြိမ်တိုင်ရှိလာပါပြီ။

ဆရာတော်ကြီးသည် အနာဂတ်မျိုးဆက်သစ် များအတွက် တော်ဖို့ထက် လူကောင်း၊ လူမွန်လေးများ ဖြစ်လာကြစေရန် ဗုဒ္ဓအဆုံးအမ၊ ဗုဒ္ဓယဉ်ကျေးမှုတို့ ကိန်းအောင်းကျင့်သုံးလာစေရန်အတွက် နွေရာသီ တစ်လတာ ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းကိုလည်း ယခုနှစ်တွင် (၂၆)ကြိမ်တိုင်တိုင် စဉ်ဆက်မပြတ်ဖွင့်လှစ် သင်ကြားပြသ ဆုံးမပေးခဲ့ပါသည်။ ၁၃၆၄ ခုနှစ် (၂၀၀၂ ခုနှစ်) မှစ၍ ဝါတွင်းကာလများတွင်လည်း အပတ်စဉ် ဥပုသ်နေ့တိုင်း ကျောင်းသားလူငယ်များအတွက် ဗုဒ္ဓ ယဉ်ကျေးမှုများ သင်ကြားပြသပေးတော်မူခဲ့ပါသည်။

http://www.dhammadownload.com

ကျေးဇူးတော်ရှင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း ဆရာတော်ကြီးသည် ပရိယတ်မကင်းသော ပဋိပတ်၊ ပဋိပတ်မကင်းသော ပရိယတ်သာသနာကို အားသွန်ခွန်စိုက်ပြုရင်း သက်တော် (၉၅)နှစ်၊ ဝါတော် (၇၅)ဝါ အရွယ် ကောဇာသက္ကရာဇ် ၁၃၇၇ ခုနှစ်၊ တန်ခူးလဆန်း (၉)ရက်၊ သင်္ကြန်အတက်နေ့၊ စနေနေ့ (ခရစ်နှစ် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၆ ရက်) တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ ဘာမွန်ဂတ် အပြည်ပြည်ဆိုင်ရာဆေးရုံကြီး (Burmungard International Hospital) တွင် ဘန်ကောက်မြို့ စံတော်ချိန် နံနက် ၈ နာရီ ၀၅ မိနစ် (မြန်မာစံတော်ချိန် နံနက် ၇ နာရီ ၃၅ မိနစ်)၌ ဘုရားရှင်ပင် မလွန်ဆန်နိုင်သော အနိစ္စသဘောနှင့် တွေ့ရ၍ ခန္ဓာဝန်ချပ်ငြိမ်းကာ စံလွန်တော်မူခဲ့ပါသည်။

**(ကျေးဇူးတော်ရှင် သက်တော်ရှည် ပဏ္ဍိတာရာမ ဆရာတော်ဘုရားကြီး ပုံရိပ်မှတ်တမ်းများ စာအုပ်နှင့် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာမှ မှီငြမ်းတင်ပြထားပါသည်။)**

❒ ❒ ❒

http://www.dhammadownload.com

# လန့်သွား၊ အံ့သွား၊ ရှက်ရွံ့သွားမိပါ၏

အိပ်ပျော်နေသော စာရေးလိုစိတ်ကို လှုပ်နှိုးလိုက်ပါ၏။ လှုပ်သွားမိပါ၏။ လန့်သွားမိပါ၏။ အံ့သွားမိပါ၏။ ရှက်သွားမိပါ၏။ ရွံ့သွားမိပါ၏။

"အဲဒါက သူဌေးသုံး၊ လေးပိုင်းပိုင်းပြီး သုံးရတယ်"တဲ့။ မိန့်လိုက်သည့်ပုဂ္ဂိုလ်ကား - ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကြီး ဖြစ်ပါ၏။ ဘွဲ့တော်ကား အရှင်ပဏ္ဍိတာဘိဝံသ ဖြစ်ပါ၏။ နေရာကား ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီးပေါ်မှာ ဖြစ်ပါ၏။ သက်တော်(၉၅)နှစ်ရှိပြီဖြစ်သော ဆရာတော်ကြီး၏ အသက်ရှူရတာ ပုံမှန်မဟုတ်၍ အောက်စီဂျင်ပိုက်ဖြင့် ရှူနေရပါ၏။ အာရှတော်ဝင်ဆေးရုံမှ ဆေးရုံ

http://www.dhammadownload.com



ကြီးသို့ ပြောင်းရွှေ့ပြီးခါစလေး ရှိပါသေး၏။ ဆွမ်းဘုန်းပေးချိန်ရောက်ပြီမို့ လက်တော်ဆေးကာ စတင်၍ ဘုန်းပေးနေပါပြီ။ ပေကျန်သော အရည်ကို သုတ်သင်ဖို့ တစ်ရှူးစက္ကူတစ်ရွက်ကို တစ်ရှူးဂျပ်ဘူးထဲမှ ဆွဲထုတ်၍ ဆရာတော်ကြီးအနား စာရေးသူက ချထားပေးလိုက်ပါ၏။ ချပေးလိုက်သောအခါ မမျှော်လင့်မိသော အထက်ပါစကားလေးကို ကြားနာမှတ်သားလိုက်ရပါ၏။

အဲဒါက သူဌေးသုံး-တဲ့။ စာရေးသူက သူဌေးသုံး သုံးလိုက်မိပါပကော။ တကယ်တော့ သူဌေးက ပဏ္ဍိတာရာမဆရာတော်ကြီးသာ ဖြစ်ပါ၏။ ရန်ကုန်၊ ပဲခူး၊ သန်လျင်၊ ထောက်ကြန့်၊ ပြင်ဦးလွင်၊ လှည်းကူး၊ မော်လမြိုင်တို့၌ ကြီးကျယ်ခမ်းနားသော ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာတို့ ရှိနေကြလေရာ ဘုန်းကံကြီးမားလှသော ဆရာတော်ကြီးကသာ သူဌေးဖြစ်ပါ၏။ သို့သော် သူဌေးသုံး မသုံးပါ သူဌေးမဟုတ်သေးသော စာရေးသူက သူဌေးသုံး သုံးလိုက်မိတာကို ဆုံးမလို၍လေလော။

လေးပိုင်းပိုင်း၍ တစ်ပိုင်းကိုသာ သုံးလိုက်ပါ၏။ ဘုရားလက်ထက်တော်က ခုနစ်နှစ်ကြာ ခေါင်းကိုက်

http://www.dhammadownload.com

( ၃ )

ရောဂါခံစားရသော သာကေတသူဌေးကတော်ကို ပြေး၍ သတိရသွားမိပါ၏။ ခေါင်းကိုက်ရောဂါအတွက် ဆေးဆရာအကျော်အမော်ဇီဝက စီမံပေးသော ဆေးဖြင့် နှာနှပ်လေရာ ပါးစပ်မှ ထောပတ်အန်ထွက်လာ ပါ၏။ ထိုထောပတ်ကို ကျွန်မကို ထွေးခံထဲမှ ဝါဂွမ်းဖြင့် တို့စုပ်ယူထားဖို့ခိုင်းခဲ့ပါ၏။ ဇီဝက အံ့အားသင့်သွား၏။ "တန်ဖိုးကြီးသော ဆေးတို့ဖြင့် စီမံထားသော ဆေးဖြစ်၍ ပိုက်ဆံမပေးရင် ဒုက္ခပါပဲ။ ကပ်စေးနှဲလှချေလား" ဟု တွေးကာ ဇီဝက မျက်နှာပျက်သွားမိပါ၏။ ထိုအရိပ်အကဲကိုသိသော သာကေတသူဌေးကတော်က "ဆရာဇီဝက ဘာလို့ မျက်နှာပျက်သွားရတာလဲ။ မျက်နှာမပျက်ပါနဲ့ ဆေးကုခ မနည်းစေရပါဘူး။ ဆရာဇီဝက . . . ဒီထောပတ်ကို ကျွန်တွေ, အလုပ်သမားတွေအတွက် ခြေနှယ်ဆီ လုပ်လို့လည်းရပါတယ်။ ဆီမီးထွန်းရာမှာ အသုံးပြုလို့လည်းရပါတယ်။ ဒီထောပတ်ကို အကျိုးရှိအောင် အသုံးချတတ်ကြရပါတယ်" ဟု ပြောပြခဲ့ပါ၏။

ပစ္စည်းကြွယ်ဝချမ်းသာလှသော ဤသာကေတသူဌေးကတော်သည် ပါးစပ်ထဲမှအန်ထွက်လာသော ထောပတ်လေးကို အကျိုးရှိရှိ အသုံးချတတ်ပါပေစွ။

http://www.dhammadownload.com

(၄)

ကျေးဇူးတော်ရှင် ပဏ္ဍိတာရာမဆရာတော်ကြီး၏ တစ်ရှူးစက္ကူလေးအသုံးပြုပုံက သာကေတ သူဌေးကတော်၏ ထောပတ်အသုံးချပုံကို ပြေး၍သတိရသွားမိစေပါ၏။ လိုအပ်သော အတိုင်းအတာအထိသာ သုံးစွဲပုံနှင့်စပ်၍ အတုယူဖွယ် လိုက်နာကျင့်သုံးဖွယ် ကောင်းလှပါ၏။ အသုံးမျှသာမဟုတ်ဘဲ အဖြုန်းအထိ ရောက်မိသွားတတ်သော စာရေးသူတို့အဖို့ ဆင်ခြင်ဖွယ်ကောင်းလှပေစွ ပစ္စည်းတစ်ခုကို အကျိုးရှိရှိ အတိုင်းအတာ သိသိဖြင့် အသုံးပြုတတ်ဖို့ လိုအပ်လှပါပေစွ။ အလဟဿ၊ အလေအလွင့်၊ ဗုံးပေါလအောတွေ ပေါများနေသေးသမျှ မြန်မာပြည်သူ ပြည်သားတို့ သူဌေးဖြစ်ဖို့ အရေးနှင့် ဝေးနေကြဦးမည်သာ။

အာရှတော်ဝင်ဆေးရုံသို့ ပြည်ပခရီးမှ ပြန်လာပြီးနောက်ရက်ဖြစ်သော (၇-၄-၂၀၁၆)ရက်နေ့က စာရေးသူတို့ ဆရာတော်ကြီးထံဖူးမြော် ကန်တော့သွားခဲ့ကြပါ၏။ ကျန်းမာရေးဝန်ကြီး ဦးမြင့်ထွေးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့ လာရောက်ကန်တော့ကာ အစစအရာရာ အကုန်တာဝန်ယူ၍ ဆောင်ရွက်ပေးကြမည်ဖြစ်ကြောင်း ဆရာဝန်ကြီး

http://www.dhammadownload.com



တွေ အားလုံးစုပေါင်းတိုင်ပင်၍ အစွမ်းကုန်ကူသပေး ကြမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ဦးမြင့်ထွေးက ရိုသေလေးမြတ်စွာ လျှောက်ထားပါ၏။ "တတ်ကျွမ်းတဲ့ ပညာရှင်တွေရဲ့ အစီအမံအတိုင်းပေါ့" ဟု ဆရာတော်ကြီးက မိန့်ပါ၏။

"အရှင်ဘုရား လိုတာရှိလည်း အမိန့်ရှိပါဘုရား" ဟု လျှောက်ထားပါသည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ကျန်းမာရေးဝန်ကြီး ဦးမြင့်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တို့၏ အစီအမံဖြင့် လွယ်ကူလျှင်မြန်စွာ ပြောင်းရွှေ့လိုက်ရပါ၏။

"အဲဒါက သူ့ငွေသုံး လေးပိုင်းပိုင်းပြီး သုံးရတယ်" ဟူ၍ မိန့်သောမူသော ပဏ္ဍိတာရာမ ဆရာတော်ကြီး၏စကားက အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော်ကြီး အရှင်ဇနကာဘိဝံသ၏ နံနက်ခင်းဩဝါဒများကို စုပေါင်းရေးသားထားသော အရှင်မဟောသဓပဏ္ဍိတ၏ စာအုပ်ထဲမှ အောက်ပါဩဝါဒစကားလေးတို့ကိုလည်း သတိရလာမိပြန်စေပါ၏။

ဘယ်နေရာမျိုးမဆို ချွေတာရတယ်။ ချွေတာတယ်ဆိုတာ နှမြောလို့မဟုတ်ဘူး၊ ပစ္စည်းကို သူ့နေရာ

http://www.dhammadownload.com

( ၆ )

နဲ့သူ သုံးတတ်စွဲတတ်တာဟာ ချေတာတာပဲ၊ ဘုန်းကြီးက မီးကို အလကားဖွင့်ထားရင် နှမြောတယ်၊ ကုန်သင့်လို့ ကုန်တာက အကြောင်းမဟုတ်ဘူး မကုန်သင့်ဘဲ အလကားလျှောက်ကုန်နေတာကတော့ အကျိုးမရှိဘူး။ ဘာတဲ့လဲ။

မူးနှုတ်, ပဲနှုတ်, စု၍လုပ်
တရုတ် တိုက်ကြီး တည်
တစ်ပြား, နှစ်ပြား, စုပါများ
ကုလား တိုက်ကြီး တည်-တဲ့။

တို့မြန်မာတွေက အကျိုးမများတဲ့နေရာတွေမှာ အကုန်အကျတွေများနေရင် ဆင်းရဲမှာပေါ့။

သာမဏေကျော်

❒ ❒ ❒

http://www.dhammadownload.com

# ကျောက်ခဲ

ကျန်းမာရေးဝန်ကြီး ဦးမြင့်ထွေးက ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး (၁)နာရီလောက်ကြာပြီးသောအခါ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကြီးထံ ဒုတိယတစ်ခေါက်လာရောက်လျှောက်ထားပြန်ပါ၏။ ဆရာတော်ကြီးက “ဘယ်သူလဲ”ဟု မေးနေပြန်ပါ၏။ မျက်စိဖြင့် ကောင်းကောင်းကြည့်၍ မှတ်သားမထားရသောကြောင့် ချက်ချင်း မှတ်မိဟန်မတူပါ စာရေးသူက “ကျန်းမာရေးဝန်ကြီးပါဘုရား”ဟု လျှောက်ထားရပြန်ပါ၏။ ထိုအခါ

http://www.dhammadownload.com



ကြိုးစားအားယူ၍ မိန့်ရဟန်တူပါ၏။ ပီပီပြင်ပြင် ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား မကြားရ၍ အနားကပ်၍ ဂရုစိုက်နားထောင်ရပါ၏။ မိန့်လိုက်သောဆုံးမစကားတော်ကား -

"နိုင်ငံ, လူမျိုး, ဗုဒ္ဓသာသနာအကျိုးအတွက် ကြိုးစားဆောင်ရွက်ကြပါ" ဟူ၍ ဖြစ်ပါ၏။

အောက်စီဂျင်ပိုက်ဖြင့်သာ လေကို ရှူနေရပါ၏။ ပက်လက် အနေအထားဖြင့်သာ နေနိုင်ပါ၏။ မျက်စိမှိတ်၍ တရား ရှုမှတ်သည့်အချိန်တို့သာများနေပုံပေါ်ပါ၏။ စာရေးသူ ရောက်ခါစက မျက်စိမဖွင့်သေးပါ။ ဝန်ကြီး ဦးမြင့်ထွေးနှင့် ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့လည်း လက်အုပ်ချီ၍ ဖူးမြင်ရုံသာဖူးမြင်၍ ပြန်ထွက်သွားကြပါ၏ နောက်တစ်ကြိမ် ပြန်လှည့်လာမှ မျက်စိဖွင့်၍ စကားပြောပါ၏။ အာရှတော်ဝင်ဆေးရုံပေါ်၌ တစ်ခါ, ပြည်သူ့ဆေးရုံကြီးမှာ တစ်ခါ စကားမိန့်ပါ၏၊ ပြည်သူ့ဆေးရုံကြီးပေါ်မှာမှ အထက်ပါ ဆုံးမစကားကို မိန့်ကြားပါ၏။ ဤဆုံးမစကားကို ကြားရသောအခါ ရန်ကုန်မြို့ကမ္ဘာအေး သာသနာရေးရုံးမှာ သံဃမဟာနာယကဥက္ကဋ္ဌဆရာတော်ကြီး မြင်းခြံကိုးဆောင်တိုက် ဆရာတော်

http://www.dhammadownload.com

(၉)

ဦးသောဘိတ ဦးဆောင်သော သံဃမဟာနာယက ဆရာတော်ကြီးတို့ရှေ့မှောက် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ကြီး သွားရောက်ရစဉ်က သံဃမဟာနာယက ဉက္ကဋ္ဌ ဦးသောဘိတ၏ ပြောစကားတို့၏အဆုံး၌ ပဏ္ဍိတာရာမ ဆရာတော်ကြီး၏ လျှောက်ထားခဲ့သော စကားလေးကို ပြန်ပြောင်းသတိရ သွားမိပါ၏။

"နိုင်ငံ, လူမျိုး, ဗုဒ္ဓသာသနာအတွက် အကျိုးရှိမယ့် အလုပ်တွေကို တပည့်တော် ဆက်လုပ်သွားမှာပါဘုရား"

ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကြီးသည် နွေရာသီ ကျောင်းပိတ်ချိန်၌ ကျောင်းသားလေးတွေကို ကိုရင်ဝတ်စေပြီး ကျောင်းသူလေးတွေကို သိက္ခာရှင် (သီလရှင်) ဝတ်စေကာ ဗုဒ္ဓယဉ်ကျေးမှုစာပေတို့ကို စာတွေ့, လက်တွေ့ သင်ကြားပေးပါ၏။ အငယ်တန်း, အလတ်တန်း, အကြီးတန်း, အထူးတန်းဟူ၍ အတန်း (၄)တန်း ခွဲ၍ သင်ပြပေးရာ အထူးတန်း၌ အသောကကျောက်စာကို ပြဋ္ဌာန်းစာအဖြစ်ဖြင့် သင်ပြပေးပါ၏။ အသောကမင်းကြီးနိုင်ငံ

http://www.dhammadownload.com



အကျိုး၊ လူမျိုးအကျိုး၊ ဗုဒ္ဓသာသနာအကျိုးအတွက် ဆောင်ရွက်ပုံတို့မှာ အတုယူ လိုက်နာဖွယ်ကောင်းလှပါ၏။ ထို့ကြောင့် ပဏ္ဍိတာရာမ ဆရာတော်ကြီးက အသောကမင်းကြီးအကြောင်းကို အနာဂတ်နိုင်ငံခေါင်းဆောင်တွေ ဖြစ်ကြမည့် လူငယ်တို့ကို သိစေချင်ပါ၏။ ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်ကို အသောကမင်းကြီးအကြောင်း ဗုဒ္ဓယဉ်ကျေးမှု အခြေပြု သင်တန်းသား ကိုရင်၊ သိက္ခာရှင် (သီလရှင်) လေးတို့အား ဟောပြောခိုင်းခဲ့ပါ၏။ ဆရာတော်ကြီး၏အမိန့်ကို ဦးထိပ်ရွက်ပန်ဆင်၍ ဒေါ်အောင်ဆန်းစုကြည်က ဟောပြောခဲ့ပါ၏။

ထိုအချိန်က အုပ်ချုပ်သောအစိုးရက ထိုသို့ဟောပြောသည်ကို မနှစ်မြို့သဖြင့် နောင်ဟောပြောမခိုင်းရန် သံဃမဟာနာယက ဆရာတော်ကြီးတို့ကို ပဏ္ဍိတာရာမ ဆရာတော်အား သတိပေးစကား မိန့်ကြားစေခဲ့ပါ၏။ နောင်မလုပ်ဖို့ သတိပေးစကား မိန့်ကြားသော မြင်းခြံဆရာတော် ဦးသောဘိတ၏ စကားအဆုံး၌ ပဏ္ဍိတာရာမ ဆရာတော်ကြီးက အောက်ပါအတိုင်း လျှောက်ထားခဲ့ပါ၏။

“နိုင်ငံ၊ လူမျိုး၊ ဗုဒ္ဓသာသနာအတွက် အကျိုး

http://www.dhammadownload.com



ရှိမယ့် အလုပ်တွေကို တပည့်တော် ဆက်လုပ်သွားမှာပါ ဘုရား"

ယခု ပြည့်သူ့ဆေးရုံကြီးပေါ် မှာ မကျန်းမာနေ စဉ်အခါမှာလည်း သူလုပ်သလို လုပ်ဖို့ ဆုံးမနေသည်ဟု သဘောပေါက်နားလည်လိုက်ရပါ၏။

ဒေါ် အောင်ဆန်းစုကြည်နှင့် သမ္မတဦးထင်ကျော် တို့အပေါ် သမီးနှင့်သားလို သဘောထားပြီး တဖွဖွ ဩဝါဒစကားတွေကို အကြိမ်ကြိမ် အလီလီ မိန့်ကြားခဲ့ သော ပဏ္ဍိတာရာမ ဆရာတော်ကြီးက သူတို့နှစ်ဦး နိုင်ငံခေါင်းဆောင်တွေ ဖြစ်လာချိန်၌ သူ့သမီးနှင့် သူ့ သားတို့အား ဘယ်လို ဩဝါဒတွေ မိန့်ကြားလေမလဲ ဆရာတော်ကြီး ကျန်းမာလာရင် ချဉ်းကပ်လာသော သူ့သမီးနှင့် သားတို့အား နိုင်ငံအတွက်, လူမျိုးအတွက်, ဗုဒ္ဓသာသနာအတွက် အကျိုးရှိစေမဲ့ စကားတွေကို ခရားရေလွှတ် တတွတ်တွတ် တပြုံးပြုံး ပြောမဆုံးရှိနေမှာ ကို မြင်ယောင်နေမိပါ၏။ အဲဒီလို အဖြစ်မျိုး ရောက်လာ ပါစေဟု၍လည်း စိတ်ထဲမှ တမ်းတနေမိ ပါ၏။ ဤဖခင်, ဤသမီး, ဤသားတို့ ဘဝတို့ကို သုံးသပ်မိသည့်အခါ တောင်ထိပ်မှ တောင်ခြေအထိ ဆင်းသက် ဖြတ်သန်းခဲ့ရ

http://www.dhammadownload.com

( ၁၂ )

သော ကျောက်ခဲလေး၏ဘဝကို သတိရမိပါ၏။ ထိုကျောက်ခဲလေးအကြောင်းကို စာရေးသူက ဤသို့ ကဗျာလေး ရေးခဲ့ဖူးပါ၏။ ရဟန်းလောင်းဘဝက ရေးခဲ့ပါ၏။

ကဗျာလေးနာမည်က ကျောက်ခဲ-တဲ့။

## ကျောက်ခဲ

တောင်ထိပ်မှ တောင်ခြေ
ဆင်းသက်ခဲ့ပေ။
ဟိုတိုက်ကာ ဒီပွတ်လို့ ချောမွတ်ခဲ့ချေ။
ဘဝရဲ့ ခရီးရှေ (ရှည်) လျှောက်လေသူများ
တိုက်ခိုက်တာ တွေ့ဖန်များရင်
ချောမွတ်လို့သွား။

ဒါကြောင့် ကျောက်ခဲလေးတွေလို ဘဝလောကစံ ရင်ဆိုင်ရင်းပန်းတိုင်အထိ အရောက်သွားနိုင်ဖို့ ပန်းတိုင်ဆိုတဲ့ ကဗျာလေး လက်ဆောင်ပေးလိုက်ပါတယ်။

http://www.dhammadownload.com

( ၁၃ )

## ပန်းတိုင်

ဘဝလောကခံ မုန်တိုင်းထန်လည်း
အားမာန်မလျှော့ စိတ်မပျော့နဲ့
လောကလူဝယ် စိတ်အားကြွယ်လျက်
ရှေ့ဝယ်တက်လှမ်း ဆက်လက်လှမ်းက
လောကပန်းတိုင် သက်ဆုံးပိုင်လိမ့်။

သာမဏေကျော်

http://www.dhammadownload.com



ဒေါ်အောင်ဆန်းစုကြည် နေအိမ်၌ ဆွမ်းအလှူ (၂၀၁၁)

http://www.dhammadownload.com

နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည် နှင့်
သမ္ပတဦးထင်ကျော် တို့၏

# ဝိပဿနာ တရားပြ ဆရာတော်ကြီး

(ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ငွေရတုစာစောင်တွင်ပါရှိသော ဆောင်းပါးရှင် အရှင်ဉာဏနန္ဒာဘိဝံသ၏ "သာသနာ့မီးတိုင် ရာစုနှစ်တိုင်" ဆောင်းပါးမှ ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ယဉ်ကျေးမှုသင်တန်း၌ ဟောပြောစေခဲ့ခြင်းကြောင့် ပဏ္ဍိတာရာမရွှေတောင်ကုန်းဆရာတော်ကြီး ကမ္ဘာအေး သာသနာရေးနှင့်စပ်သော ဆရာတော်များ၊ လူပုဂ္ဂိုလ်တို့နှင့် တွေ့ဆုံဖြေရှင်းခဲ့ရပုံကို ဖတ်ရှုနိုင်ရန် ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်)

http://www.dhammadownload.com

( ၁၆ )

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားသည် အများအကျိုးပြု သာသနာ့ကိစ္စ ဆောင်ရွက်တော်မူရာ၌ သတိပဋ္ဌာန်ဝိပဿနာ ကမ္မဋ္ဌာန်းတရား ပြသရန်ချည်းသာ ရည်ရွယ်တော်မမူ၊ အနာဂတ် တိုင်းပြည်နှင့် လူမျိုးဘာသာသာသနာအတွက် တစ်ချိန်မှာ လက်ပြောင်းခံယူကြမည့် လူငယ်လေးတွေ၏စိတ်ထဲ၌ ဗုဒ္ဓ သာသနာအဆုံးအမ အငွေ့အလေ့အတွေ့ဓာတ်တို့ကို ရရှိစေလိုတော်မူ၏။

တစ်ကိုယ်ကောင်းမဆန်ဘဲ ပရဟိတအကျိုးကို စိတ်ထားဖြူစင်စွာ တည့်တည့်မတ်မတ်ဆောင်ရွက်လိုသော စိတ်ဓာတ်များ ကိန်းအောင်းရှိစေတော်မူလို၏။ တိုင်းပြည်ကောင်းဖို့ဆိုလျှင် လူကောင်းရမည်။ ကလေးအရွယ်မှစ၍ ကောင်းရမည်။ ဖြစ်နိုင်လျှင် သာသနာအဆုံးအမရရှိကြသည့် မိဘတို့၏ အငွေ့အလေ့အတွေ့တို့မှ တစ်ဆင့် အမိဝမ်းထဲ ရှိစဉ်မှစ၍ ကောင်းစေချင်၏။

ရခဲသည့် လူ့ဘဝရခိုက် သာသနာတော်နှင့် ကြုံကြိုက်ရစဉ် လူ့အဖြစ်ရကျိုးနပ်စေရေးအတွက် သာသနာတော်၏ အနှစ်သာရကို ခံစားစေချင်တော်မူ၏။

http://www.dhammadownload.com



ထို့ထက် အပိုအမို သတိပဋ္ဌာန် တရားတော်မြတ်ကို စိတ်ချရသည်အထိ ရင်ဝယ်နှလုံးအထိ စွဲစေချင်တော်မူ၏။

ထိုဆန္ဒစေတနာသည် ဆရာတော်ဘုရား၏ ရင်ဝယ်ကိန်းဝပ်ရှိနေမည်မှာ အစဉ်ထာဝရရှိနေခိုမ့်မည်။ အစဉ်ထာဝရရှိနေရုံသာမဟုတ်၊ အစဉ်ထာဝရလည်း လန်းဆန်းနေမည်သာ။ ထို့ပြင် နွေရာသီကျောင်းပိတ်ကာလ ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းကို ဆင်းရဲပင်ပန်းမှု ဂရုမထားဘဲ ဆောင်ရွက်တော်မူ၏။ ဝါတွင်းကာလ ဥပုသ်နေ့များ၌လည်း လူအား ငွေအား အသုံးပြု၍ အပင်ပန်းခံ ပို့ချသင်ကြားပေးတော်မူ၏။

တိုင်းပြည်ပျိုးခင်း၊ သာသနာပျိုးခင်း ဗုဒ္ဓယဉ်ကျေးမှုသင်တန်းကို အားသွန်မဆောင်ရွက်ရင်း နိုင်ငံတော်အုပ်ချုပ်သူတို့ အမြင်မကြည်လင်ဖြစ်ခဲ့ဖူး၏။ ၁၉၉၆ ခုနှစ်လောက်က နွေရာသီ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းကာလ မိမိထံမှောက်ရောက်လာသော လူထုခေါင်းဆောင်ကို သင်တန်းသား/သူ သာမဏေ သိက္ခာရှင်များအား လောက-ဓမ္မ အသိဉာဏ်ပဟုသုတ ဖြစ်ပွားစေဖို့ ဟောပြောပေးရန် တိုက်တွန်းတော်မူ၏။ ယဉ်ကျေး

http://www.dhammadownload.com



မှုသင်တန်း အထူးတန်း၌ ပို့ချသင်ကြားသော အသောက ကျောက်စာ မြန်မာပြန်စာအုပ်လေးကို ပေး၍ ဒီစာအုပ်ကို အခြေခံပြီး ဟောပြောပို့ချတာပေါ့ဟုလည်း ဆန္ဒပြုတော်မူ၏။

တစ်ချိန်က ဘုရင်တစ်ပါးသည် တိုင်းတစ်ပါးကို စစ်ကျွန်ပြု၍ အနိုင်ယူခဲ့သော တိုင်းသားပြည်သူအပေါ် ဓားမိုး၍ ကြမ်းတမ်းစွာ အကြင်နာမဲ့ အုပ်ချုပ်ခဲ့ရကား "လူကြမ်းကြီး အသောက-စဏ္ဍာသောက"ဟူ၍ နာမည်ရရှိခဲ့ဖူး၏။ အသောကဟူသော နာမည်နဲ့ဆန့်ကျင်ဘက်သောက ပူပန်မှုနှင့် အပြည့်သာရှိ၏။ အုပ်ချုပ်သူ၊ အုပ်ချုပ်ခံတို့နှစ်ဖက်လုံး သောကအတိသာရှိသော ဓားမိုး၍အုပ်ချုပ်မှု 'ဓားမ'ကို စွန့်၍ တူတော်စပ်သူ နိဂြောဓသာမဏေ၏ ဆုံးမဟောကြားသော 'ဓမ္မ'ကို လက်ကိုင်ပြု၍ အုပ်ချုပ်ခါမှ စဏ္ဍာသောကမှ ဓမ္မာသောက သာသနာပြုမင်းအဖြစ်၊ လူထု ကောင်းကျိုးပြုသူအဖြစ် ထင်ရှားလာ၏။ အသောက ကျောက်စာသည် သူ၏ဥဒါန်းဟု ခေါ်ဆိုနိုင်လောက်၏။ အာဏာမိုး၍ အုပ်ချုပ်ဆဲကာလ ထိုအချိန်က ခွင့်ပြုချက် မရှိဘဲ ဟောပြောပွဲ လက်ခံလုပ်ရကောင်းလား အမြင်စောင်း၍

http://www.dhammadownload.com

( ၁၉ )

ရန်ကုန်ဝန်းကျင်ရှိ အသောကပင်များကိုပင် ခုတ်ထွင် ဖယ်ရှားရှင်းလင်းပစ်သောဟူ၏။

ကမ္ဘာအေးသာသနာရေးနှင့် စပ်သော ဆရာတော်များ၊ လူပုဂ္ဂိုလ်တို့နှင့် တွေ့ဆုံသောအခါမှာလည်း ဝိနည်းတော်နှင့် သာသနာတော်နှင့် မဆန့်ကျင်လျှင် အများအကျိုးပြုလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမှာပါဟု ဆုံးဖြတ်ချက်ချ အသိပေးခဲ့၏။

ထိုဟောပြောပွဲ၏ဂယက်နောက်ဆက်တွဲအဖြစ် အပျက်ကို လူထုခေါင်းဆောင် ဒီနေ့အထိ သိကောင်းမှ သိပါလိမ့်မည်။

ရွှေတောင်ကုန်းဆရာတော်ဘုရားကြီးကို စတင် တွေ့မြင်ဖူးမျှော်ခွင့်ရပြီး ဆရာတော်ကြီး၏ ဩဝါဒတရားစကားများကို ကြားနာခဲ့ရသည်မှာ ဆယ်စုနှစ် ၂ ခုပင် ပြည့်လုနီးပါပြီ။ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာသို့ ရောက်ခဲ့ရသည့်အကြောင်းရင်းခံမှာလည်း အမှတ်တရရှိလှပါသည်။

၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင် မမ ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ လွတ်ပါသည်။ နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်ပြီးရက်များ

http://www.dhammadownload.com

( ၂၀ )

မကြာခင်မှာ ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးခဲ့သည့် အာဇာနည်နေ့ နှစ်လည်ဖြစ်ပါသည်။ အန်ကယ် ဦးအုန်းမြင့် (သခင်အုန်းမြင့်)နှင့်အတူ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းကျောင်းသို့ သွားရောက်ကာ ၁၉ ဇူလိုင် အာဇာနည်နေ့တွင် အမှတ် ၅၄ တက္ကသိုလ်ရိပ်သာလမ်း ရှိ မမ၏နေအိမ်သို့ ဆွမ်းစားကြွရောက်ပါရန် ကြိုတင် သွားရောက်လျှောက်ထားကြပါသည်။ အလားတူပင် ကမ္ဘာအေးဘုရားလမ်း ချမ်းမြေ့ရိပ်သာ ကျောင်းတိုက် ဆရာတော်ကြီးကိုလည်း သွားရောက်လျှောက်ထားကြ ပါသည်။

ဆွမ်းကပ်သည့်နေ့တွင် စာရေးသူက ရွှေတောင် ကုန်းဆရာတော်ကြီးကို ပင့်ရန် တာဝန်ကျပါသည်။ ဆရာတော်ကြီးအပါအဝင် ကျောင်းတိုက်သံဃာတော် စုစုပေါင်း (၅)ပါးကို ပင့်ရမည်မို့ မော်တော်ယာဉ် ၂ စင်းဖြင့် သွားကြပါသည်။ ဆရာတော်ကြီးက နံနက် ၁၀း၃၀ နာရီတွင် တရားဟော၊ ရေစက်ချပြီးမှ ဆွမ်းကပ် ရန် ကြိုတင်မိန့်ကြားထား၍ ကျောင်းသို့ ၁၀း၀၀နာရီ အရောက်သွားကြပါသည်။ ဆရာတော်ကြီးရော ကျန်သံဃာတော်တွေပါ အသင့်ဖြစ်နေကြ၍ နံနက်

http://www.dhammadownload.com



၁၀း၃၀ မတိုင်ခင် တက္ကသိုလ်ရိပ်သာလမ်းအိမ်သို့ ပြန်ရောက်ကြသည်။ ဝါစဉ်အရမို့ အခြားသံဃာတော်များက ဆရာတော်ကြီးကို ဦးစားပေးနေရာယူကြပါသည်။

နံနက် ၁၀း၃၀ နာရီတိတိတွင် ဆရာတော်ကြီး တရားစဟောကာ တစ်နာရီလည်း ပြည့်ရော ချိန်ကိုက်ထားသည့်အလား ဆရာတော်ကြီး တရားဟောလည်း အဆုံးသတ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် အာဇာနည်ခေါင်းဆောင်များကို ရည်စူး၍ လှူဖွယ်များ ဆက်ကပ်လှူဒါန်း အမျှဝေပြီး ဆွမ်းဘုဉ်းပေးကြပါသည်။

ရက်သတ္တတစ်ပတ်ခန့်အကြာ ၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက်နေ့တွင် ကွယ်လွန်ခဲ့သည့် အမေကြီးကို ရည်စူးကာ ဇူလိုင် ၂၇ ရက်နေ့တွင် ကမ္ဘာအေးချမ်းမြေ့ရိပ်သာကျောင်းတိုက်သို့ ဆွမ်းချိင့်ပို့ပါသည်။ ဒီဇင်ဘာ ၂၇ ရက်နေ့ရောက်သည့်အခါ၌ကား ပဏ္ဍိတာရာမ ရွှေတောင်ကုန်းကျောင်းတိုက်နှင့် ကမ္ဘာအေးချမ်းမြေ့ရိပ်သာကျောင်းတိုက်မှ ဆရာတော်ကြီးများ အပါအဝင် သံဃာတော် (၅)ပါးကျစီ၊ အခြားကျောင်းတချို့မှ သံဃာ(၅)ပါး၊ ပေါင်း သံဃာ(၁၅)ပါးကို ဆွမ်းပင့်ပါသည်။ မွန်းလွဲပိုင်း၌ ခရစ်ယာန်၊ ဟိန္ဒူ၊

http://www.dhammadownload.com



အစ်စလာမ်၊ ဘဟာအီ၊ ဂျူးစသည့် ဘာသာစုံမှ ပုဂ္ဂိုလ်များဖြင့် ဆုတောင်းပွဲ တစ်ခုပြုလုပ်လေ့ရှိပါသည်။ အချိန်မရသည့် အခါများ၌ကား ကျောင်းကြီးနှစ်ကျောင်းသို့ ဆွမ်းပို့ပါသည်။

ဇွန်လ ၁၉ ရက် မမ၏မွေးနေ့ကျ ရောက်သည့် အခါများ၌ ကျောင်းတိုက်နှစ်တိုက်စလုံးသို့ ဆွမ်းပို့ပါသည်။ ဤသို့လစဉ် ၁၉ ရက်နှင့် ၂၇ ရက်နေ့ ကျရောက်တိုင်း ဆွမ်းပင့်၊ ဆွမ်းပို့အလုပ်များ လုပ်နေချိန်၊ ၁၉၉၉ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် မမ၏ခင်ပွန်း ဒေါက်တာ မိုက်ကယ်အဲရစ်၊ လန်ဒန်မြို့၌ ကွယ်လွန်အနိစ္စရောက်ပါသည်။ ထို့ကြောင့် ဒီဇင်ဘာ ၂၇ ရက်နေ့သာမက မတ်လ ၂၇ရက်နေ့တွင်လည်း ဒေါက်တာအဲရစ်ကို ရည်စူးလျက် ကျောင်းနှစ်ကျောင်းစလုံးသို့ ဆွမ်းပို့ပါသည်။

သက္ကရာဇ် ၂၀၀၀ ပြည့်နှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် မမ၏မန္တလေးခရီးစဉ်အတွက် ရန်ကုန်ဘူတာကြီးသို့ လိုက်လံပို့ဆောင်ပါသည်။ ရထားမထွက်ဖြစ်အောင် အာဏာပိုင်တို့က ဟန့်တားထား၍ ဘူတာတွင် ဆက်လက်စောင့်ဆိုင်းနေကြစဉ် ည ၁၀ နာရီခန့်တွင် ထိုစဉ်က ရန်ကုန်တိုင်း ဒုတိယတိုင်းမှူး၏နှုတ်မိန့်

http://www.dhammadownload.com



ဖြင့် ဘူတာစကြံသံပန်းတံခါးအနီးစောင့်ဆိုင်းနေသော မိမိတစ်ဦးတည်းကို လုံထိန်းရဲများက ချုပ်နှောင်ဖမ်းဆီးကာ အင်းစိန်တွဲဖက်ထောင်သို့ ပို့လိုက်ပါသည်။ ၄ လကျော်ကြာ ဆွမ်းပို့ရက်များရောက်တိုင်း မိမိကုသိုလ်ယူရသည့် တာဝန်ကို သတိရရုံကလွဲ၍ ဘာမျှမတတ်နိုင်ခဲ့ပါ။ ထောင်ကထွက်ပြီး အိမ်ပြန်ရောက်မှ ဇနီးစုစုလွင်က မိမိတာဝန်ကို သူ၏လုပ်ဖော်ကိုင်ဖက် မိတ်ဆွေနှင့်အတူ ဝတ်မပျက် အလံမလှဲ ဆက်လက်လုပ်ကိုင်ခဲ့ကြကြောင်း သိရ၍ အတိုင်းမသိ ဝမ်းသာရပါသည်။ မမကိုယ်တိုင်လည်း မိမိနှင့်တစ်ညတည်း နေအိမ်အကျယ်ချုပ်ထပ်မံ ချထားကြောင်းကို အိမ်ရောက်မှ သိရပါသည်။ ဆွမ်းမပင့်နိုင်သော်လည်း ဆရာတော်များထံ ဆွမ်းပို့သည့် အလုပ်ကို မပျက်မကွက် ဆက်လက်လုပ်ဆောင်ပါသည်။

၂၀၀၂ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် ဒုတိယအကြိမ် အကျယ်ချုပ်က မမလွတ်သည့်အခါ ဆွမ်းပင့်သောအလုပ်များ ပြန်လည်လုပ်ပါသည်။ အကျယ်ချုပ်က လွတ်သည်ဟုဆိုသော်ငြားလည်း ခြံဝ၊ ခြံရှေ့၊ ဘေးခြံတို့မှ မြင်မြင်ထင်ထင် တစ်မျိုး၊ ပုန်းလျှိုးကွယ်လျှိုးတစ်ဖုံဖြင့် စောင့်ကြည့်နေသော ရဲထောက်လှမ်းရေးများက မနည်း

http://www.dhammadownload.com



ပါ။ သို့တိုင်အောင်လည်း ဆရာတော်ကြီးမှာ အဆိုပါ ပုဂ္ဂိုလ်တို့ကို ရှိသည်ဟုပင် အသိအမှတ်မပြုသလို အလွန်ပင် တည်ငြိမ်အေးချမ်းစွာရှိသည်ကို ဂရုပြုမိပါသည်။ ပုထုဇဉ်တို့ သဘာဝအရ အနည်းငယ် စိုးရွံ့ဟန်ရှိသော သံယာတော်အချို့ကို တွေ့ရသော်လည်း ဆရာတော်ကြီးကား မတုန်မလှုပ် ပင်တိုင်ကြွမြဲတိုင်းကြွသည်။ ဆွမ်းပင့်လေ့ရှိသည့်နေ့ရက်များ၌ ခရီးထွက်စရာရှိလျှင် ဆွမ်းစားပြီးမှ လေဆိပ်တန်းဆင်းသည်ရှိသလို ခရီးထွက်နေလျှင်လည်း ထိုနေ့များအမီ အရောက်ပြန်ကြွတတ်သည်။

ဆွမ်းစားကြွတိုင်း ဝိပဿနာအကြောင်း စိတ်အင်အားဖြစ်စရာအကြောင်းတို့ကိုသာ ဟောကြားလေ့ရှိသည်။ ဒါနထက် ဘာဝနာကိစ္စများကိုသာ ဦးစားပေး အလေးထားဟောကြားတော်မူသည်။

ဓမ္မနှင့် အဓမ္မနှစ်မျိုးအဆုံးတွင် ဓမ္မသည်သာ အနိုင်ရ အောင်မြင်ရာအောင်မြင်ကြောင်း ဖြစ်ကြောင်းတရား၊ အတွင်းရန်နှင့် အပြင်ရန်တွင် အတွင်းရန်ကို ဦးစွာနိုင်နင်းအောင် ပြုလုပ်ရေး တရားတို့ကို အမှတ်တရ ဖြစ်မိပါသည်။ အစပထမတွင် အတွင်းရန်ဟု ဆို၍

http://www.dhammadownload.com



လူ့လောကအတွင်း မိမိဝန်းကျင် မိမိအနားရှိသော ရန်သူကို နိုင်အောင်လုပ်ရေးကို ပြောသည်ဟုထင်ခဲ့မိပြီး နောက်ပိုင်းတွင်မှ မိမိ၏အတွင်းစိတ်ကို မိမိနိုင်အောင် ကျင့်ကြံရေးကို ဟောကြားဆုံးမခြင်းဖြစ်ပြီး အတွင်းစိတ်ကို တင်စားကာ အတွင်းရန်သူဟူ၍ သုံးနှုန်းထားသည်ကို သဘောပေါက်ရပါသည်။

ဗုဒ္ဓဘာသာတရား တဖြည်းဖြည်းချင်း တိမ်ကော ပပျောက်သွားမှာ ဆရာတော်ကြီး အလွန်စိုးရိမ်ကြောင့်ကြဖြစ်ရှာသည်။ ဘာသာခြားများ မိမိဗုဒ္ဓဘာသာကို လွှမ်းမိုးသွားမည့်အရေးကို မျှော်တွေးကာ ယင်းအန္တရာယ်ကို ကာကွယ်ရန် မျက်မှောက်ခေတ်လူငယ်များ ငယ်ရွယ်စဉ်မှာပင် ဗုဒ္ဓတရားတော်၏အနှစ်သာရကို သဘောပေါက်ပြီး ယဉ်ကျေးလိမ္မာကြအောင် အစဉ်အားထုတ်တော်မူသည်။ နှစ်စဉ်ကလေး လူငယ်များအတွက် ငွေကုန်ကြေးကျ သိန်းပေါင်းများစွာ အကုန်ကျခံလျက် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများကို မြို့ရွာနယ်ပါ ပြုလုပ်သည်။ သင်တန်းတိုင်း လူငယ်ရာပေါင်းများစွာ တက်ရောက်ကြပြီး သင်တန်းများ ပြီးဆုံးသည့်အခါ ဗုဒ္ဓ၏အမွေအနှစ်အခြေခံတို့ကို သိရှိနားလည်ကာ

http://www.dhammadownload.com



ယဉ်ကျေးလိမ္မာသော လူငယ်ရာပေါင်းများစွာကို မွေးထုတ်ပေးနိုင်လျက် ရှိပေသည်။ ဝိပဿနာတရားကိုလည်း နားလည်သဘောပေါက် ကျင့်ကြံနေထိုင်တတ်သော လူငယ်များအဖြစ်ရောက်စေခဲ့သည်။

ထူးခြားသောအလှူတစ်ခုသာ ဆရာတော်ကြီးအလေးထားတောင်းခံတတ်သည်ကို သတိပြုမိပါသည်။ ထိုအရာကား ကျောင်းသို့ရောက်လာကြသော တပည့်သားမြေးများထံက ဝိပဿနာတရား ကျင့်ကြံအားထုတ်ဖို့ ဘာဝနာတရားပွဲများဖို့ အချိန်ပေးရန် အလှူခံခြင်းဖြစ်ပါသည်။

ဒေါ်အောင်ဆန်းစုကြည်ထံကလည်း အဆိုပါအလှူကိုပင် တောင်းခံခဲ့သည်။ စကားတစ်ခွန်းကို အလွယ်မပြော၊ ကတိတစ်လုံးကို လွယ်လွယ်မပေးတတ်သော မမက "အချိန်ရသည့်အခါ လုပ်ပါမည်ဘုရား" မှုသားမပါ ဟန်ဆောင်မှုကင်းစွာဖြင့် ရိုသေစွာအဖြေပေးသည်။ သရဏဂုံသုံးပါးကို ဦးထိပ်ထားပြီး ဝိပဿနာဆရာတစ်ဦးအနေဖြင့် အထူးကြည်ညိုလေးစားအပ်သော ဆရာတော်ကြီး၏ အလှူခံစကားကို ပေါ့ပေါ့မထားအစဉ်လေးစားပြီး တစ်နေ့တွင် ဆရာတော်ကြီးထံ

http://www.dhammadownload.com



လျှောက်ထား၍ တရားစခန်းဝင်သည်။ မမအတွက် အဖော်လည်းရစေ၊ ပင်ကိုယ်ကလည်း ဆန္ဒရှိသည့် အလျောက် ဇနီးသည်လည်း မမနှင့်အတူ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာတွင် ၂၀၁၁ ခုနှစ် နှစ်ပတ်လည်တွင် ရက်တိုတရားစခန်းဝင်ဖြစ်ကြသည်။

မိမိကိုယ်၌လည်း တစ်ချိန်တွင် ဝိပဿနာ တရား အားထုတ်လိုစိတ်ဖြစ်ပေါ်လာသောကြောင့် အရိုးအဆစ်မကောင်း၊ အထိုင်အထမလွယ်သော ကိုယ့် အကြောင်းနှင့်ကိုယ်မို့ တစ်ရက်နှစ်ရက် ရသလောက် သာ တရားစမ်းထိုင်ရန် ကျောင်းသို့ရောက်ခဲ့သည်။ တစ်ရက်က နှစ်ရက်၊ နှစ်ရက်က သုံးရက်တိုင်လာတော့ အားတက်လာသည်။ အများလို တရားကမရသော်လည်း ဆက်လက်ကြိုးစားလိုစိတ်ဖြင့် ရက်သတ္တနှစ်ပတ် ၁၄ ရက်ကြာ တရားထိုင်ပြီး တရားစခန်းထွက်ခါနီး ဆရာ တော်ကြီးကို သွားလျှောက်သည်။

''ဘုန်းကြီးအတွက် ၃ရက်လောက် ဆက်ထိုင် ပေးပါလား''

မမျှော်လင့်သော ဆရာတော်ကြီးထံမှစကား ကြောင့် အလိုအလျောက် ''မှန်ပါ့ဘုရား''ဟုသာ

http://www.dhammadownload.com



လျှောက်ခဲ့ပြီး ၃ ရက်ဆက်တိုက်ထိုင်ဖြစ်သည်။ ၃ရက် အပြီး ဆရာတော်ကြီးထံ သွားရောက်ကန်တော့ရင်း မည်သည့်တရားမျှမရကြောင်း၊ စိတ်ကိုငြိမ်အောင်လုပ်ရ သည်မှာ မလွယ်လှကြောင်း လျှောက်တင်ပါသည်။ မိမိစိတ်ကို မိမိမနိုင်၊ စိတ်မည်မျှ ထိန်းရခက်ကြောင်း သိလာခြင်းသည် တရားတစ်မျိုးရခြင်းဖြစ်သည်ဟု ဆရာတော်ကြီးက မိန့်ကြားအားပေးရှာသည်။ ပြီးတော့ မှ "ဒကာကြီး၊ ဘုရားမှာ်ဦးကို ကျောပေးထိုင်တဲ့ ခြသေ့် တော့ မဟုတ်တော့ဘူးပေါ့" ဟု ပြုံးရင်း မိန့်တော်မူသည်။

၂၀၁၂ ခုနှစ် နှစ်ဆန်းပိုင်းတွင် ရွေးကောက်ပွဲ ကိစ္စများပေါ်လာသည်။ ဇနီးဖြစ်သူက သူ့ဖခင် ရွေးကောက်ပွဲဝင်ခဲ့သော သုံးခွမြို့နယ်ကို ဝင်ရောက် အရွေးခံရန် အကြောင်းဖန်လာသည်။ ကြားဖြတ်ရွေး ကောက်ပွဲအတွက် စည်းရုံးရေးခရီးများ စတင်ရသည့် အချိန်ကစ၍ ဆရာတော်ကြီးထံ ဆွမ်းပို့သည့်တာဝန် များကို မိတ်ဆွေတစ်ဦးထံ မလွှဲမရှောင်သာ လွှဲပြောင်း ပေးရပါသည်။ ရွေးကောက်ပွဲတွင် ဇနီးသည် အရွေး ချယ်ခံရပြီး လပိုင်းအကြာ ကျန်းမာရေးမကောင်း၍ ဆေးကုသရန် ခရီးထွက်ရသည်။ ဇနီးသည် ဆေးကု

http://www.dhammadownload.com



ခရီးသို့လိုက်ပါစောင့်ရှောက်ပြီး နေရပ်ပြန်ရောက်သည့်တိုင် ဆေးကုသခံယူမှုကမပြီးသေး၊ လွှတ်တော်ကလည်း မပြီးသေးမို့ ဆေးကုသရင်း လွှတ်တော်တက်ရာသို့ ဆက်လက်လိုက်ပါ စောင့်ရှောက်ရာ ဆရာတော်ကြီးနှင့် တစ်နှစ်ကျော် အဆက်ပြတ်ခဲ့ရပါသည်။ နောက်ပိုင်းတွင်မှ လွှတ်တော်ရက်ရှည်နားသည့်ကာလအတွင်း ဆရာတော်ကြီးကို ကန်တော့ရန် မမသွားသည့်အခါ ကြိုတင်လျှောက်ထားခြင်း၊ ကန်တော့ချိန်လိုက်သွားခြင်း၊ ရံဖန်ရံခါ ပြန်လည်လုပ်ဖြစ်ပါသည်။ ထို့အပြင် ပြည်ပခရီးစဉ်သွားရာမှပြန်အလာ ဆရာတော်ကြီးကို လှူဖွယ်သီးနှံများဆက်ကပ်ပူဇော်ရန်ရှိသည့်အခါများ၌ မမနှင့်အတူလိုက်ပါရင်း ရောက်ရသလို တစ်ခါတစ်ရံ ကိုယ်စားသွားရောက် ဆက်ကပ်ပေးရင်းလည်း ရောက်ရပါသည်။

ပြီးခဲ့သည့် စက်တင်ဘာလအတွင်း လွှတ်တော်ခေတ္တရပ်နားရက် ဇနီးဖြစ်သူ နေပြည်တော်ကအပြန် ဆရာတော်ကြီးထံ မမ၏ လှူကြံ့ပါးစာပါလာပါသည်။ စာမှာ ပဏ္ဍိတာရာမရွှေတောင်ကုန်း သာသနာ့ရိပ်သာ ၂၅ နှစ်မြောက် ငွေရတုစာစောင်အတွက် စာမူဖြစ်ပါသည်။ မိမိထံကလည်း ကျောင်းတိုက်က စာမူတောင်း

http://www.dhammadownload.com



ထားပြီး စာရေးမပြီးသေး၍ ဆရာတော်ကြီးထံ စာသွားပေးရန် စိတ်မဝံ့မရဲ ဖြစ်မိပါသည်။ မသွားမဖြစ်၍ စက်တင်ဘာလ ၂၈ ရက်နေ့တွင် ဆရာတော်ကြီးထံ မရဲတရဲလျှောက်သွားပါသည်။

ဆရာတော်ကြီး စံကျောင်းရောက်သည့်အခါ သမားတော်ကြီးတစ်ဦးက ဆရာတော်ကို ကျန်းမာရေးစစ်ဆေးပေးနေ၍ ခေတ္တစောင့်ရသည်။ သမားတော်ပြန်ပြီးနောက် အခန်းတွင်းက သက်န်းရုံရင်းထွက်လာသည့် ဆရာတော်ကြီးက "ဒကာကြီး ဦးထင်ကျော်လား" ဟု မိမိကိုမြင်မြင်ချင်း လှမ်းမေးပါသည်။ သက်တော် ၉၀ ကျော်ပြီဖြစ်သော်လည်း ဝိပဿနာတန်ခိုးကြောင့် ဆရာတော်ကြီးမှာ ကျန်းမာသတိကောင်းတုန်းဖြစ်သည်။ အစားကိုလည်း ဆေးအဖြစ်သာ သတိနှင့်မှီဝဲသုံးဆောင်သည်။ အနားရှိသည့် ဆရာလေးတစ်ပါးကို ဓာတ်စာအညွှန်းစာရွက်သွားယူခိုင်းပြီး မိမိကို တစ်စောင်၊ မမအတွက်တစ်စောင်ပေးသည်။

"သမီးရော နေကောင်းရဲ့လား"

"နေကောင်းပါတယ် ဘုရား"

"အင်း . . . သမီးလေး နေကောင်းဖို့၊ အဖွဲ့

http://www.dhammadownload.com



က လူတွေနေကောင်း ဘေးအန္တရာယ်ကင်းကြဖို့ ဆုတောင်းနေရတယ်" ဟု ဆရာတော်ကြီးက မေးမေးပြောပြော ပြောပါသည်။

"သမီး"ဟု ယခင် သုံးနှုန်းလေ့ရှိရာက "သမီးလေး" ဟု သုံးလိုက်ပုံက ကရုဏာသံ သက်လှသည်ဟု ခံယူမိပြီး ရင်ထဲမှာပီတိဖြစ်ပြီး ဝမ်းသာဝမ်းနည်း ဖြစ်ရပါသည်။ အကျယ်ချုပ်ကျသည့်ကာလများ ဆွမ်းပို့ရောက်တိုင်း . . .

"သမီးနေကောင်းရဲ့လား၊ သတင်းရရဲ့လား" ဟု အစဉ်ပင် စိုးရိမ်စိတ်ကြီးစွာဖြင့် မမအကြောင်းကို ဆရာတော်ကြီး မေးလေ့ရှိပါသည်။ "တရားကောအားထုတ်ဖြစ်ရဲ့လားမသိဘူး"၊ "ပုံမှန်အတိုင်းတော့ ထိုင်ဖြစ်မယ်ထင်ပါတယ်ဘုရား"ဟု သာ မုသားမပါမယုတ်မလွန်ဖြေလိုက်ရသည်။ ဝိပဿနာအရေး အစဉ်တွေးနေသည့် ဆရာတော်ကြီးပါပေ။ "ဦးထင်ကျော်အတွက် လက်ပတ်နာရီတစ်လုံးသွားယူခဲ့ပါ" ဟု အနီးရှိ ဆရာလေးတစ်ပါးကို လှမ်းပြောသည်။

"ဦးထင်ကျော် နာရီမပတ်ဘူးလား"

"တပည့်တော် မပတ်တာကြာပါပြီ ဘုရား။

http://www.dhammadownload.com



ပြီးတော့ ဆရာတော်တစ်ခါက တပည့်တော်ကို ဆွဲကြိုး နာရီတစ်လုံး ချီးမြှင့်ဖူးပါတယ် ဘုရား" ဟု မုသားလည်း မပါ၊ နာရီလည်းမဝတ်သည်မို့ မပေးပါတော့နှင့်လည်း မလျှောက်ရဲ၍ နာရီရဖူးကြောင်းသာ ပြန်လျှောက်လိုက်သည်။

"နာရီက ကျောင်းနာမည်ပါလို့ပါ။ ပြီးတော့ ဒကာကြီး ဦးထင်ကျော်အနေနဲ့ပေးတာမဟုတ်ဘူး။ ဒကာကြီးက ဘုန်းကြီးရဲ့ဝေယျာဝစ္စ ဆောင်ရွက်နေတဲ့ သူ ကပ္ပိယတစ်ယောက်အနေနဲ့ ပေးတာ" ဟု မိန့်ပြီး ဆရာလေးယူလာသည့်နာရီကို လှမ်းယူပြီး ကိုယ်တိုင် ချီးမြှင့်တော်မူသည်။ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာကျောင်းတိုက်က ဝိပဿနာဆရာ တော်ကြီး သာသနာ့အကျိုး ဆထက်ထမ်းပိုးကြိုးပမ်း နိုင်ပါစေဟုသာ ဆုတောင်းမေတ္တာပို့သမိပါတော့သည်။

ဒလဘန်း (ဦးထင်ကျော်)

(ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ ရိပ်သာ

ငွေရတုစာစောင် ၁၉၉၀-၂၀၁၅ မှ)

မြန်မာသံတော်ဆင့် ဂျာနယ် အတွဲ ၅၊ အမှတ် ၆

မှကူးယူဖော်ပြပါသည်။

□ □ □

http://www.dhammadownload.com




IMS နိုင်ငံခြား သံဃာတော်များနှင့် အမှတ်တရ (၁၉၇၉)

http://www.dhammadownload.com

# အမေရိကသို့ပျံ့ခဲ့သည့် ဝိပဿနာလှိုင်း

"ခေတ်တစ်ခေတ် ပြီးဆုံးသွားခဲ့သလို ခံစားရပါတယ်"ဟု အမေရိကန် ဝိပဿနာပြဆရာတစ်ဖြစ်လဲ အရောင်းရဆုံး စာရင်းဝင်စာရေးဆရာ ဂျိုးဇက်ဂိုးစတိန်း (Joseph Goldstein) က အမေရိကန် ဗုဒ္ဓဘာသာ မဂ္ဂဇင်းတစ်ခုဖြစ်သည့် Lion's Roar မှာရေးသွားခဲ့ပါသည်။ ဂျိုးဇက်သည် ဝိပဿနာသုံးဖော် (Vipassana trio) ဟု နာမည်ပြောင်နှင့် လူသိများသည့် အမေရိကန် ကမ္မဋ္ဌာန်းဆရာသုံးဦးထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ ထိုရဲသုံးဖော်သည် သတိပဋ္ဌာန် ဝိပဿနာကို အမေရိကန်ပြည်ထောင်စုသို့ ၁၉၇၀ ပြည့်နှစ်လွန်နှစ်များတွင် အာရှတိုက်မှ နေ၍ ပထမဆုံး ပြန်လည်သယ်ယူလာခဲ့သည်ဟု အသိအမှတ်ပြုခံရသူများလည်းဖြစ်သည်။

http://www.dhammadownload.com



ဟာဝင်အီရှိ "ဝိပဿနာမေတ္တာ" တရားရိပ်သာ တည်ထောင်ခဲ့သူ ကမယ်လာမာစတာစ် (Kamala Masters) ကလည်း "အစဉ်အမြဲလမ်းပြတဲ့ ဓမ္မစူဝံ ကြယ်ကြီးကြွေသွားပြီး ကောင်းကင်ကြီးမှာ ဟာလာဟင်း လင်း ကျန်ခဲ့သလို ခံစားရပါသည်"လို့ ခိုင်းနှိုင်းပြသွား ခဲ့ပါတယ်။ ရဲသုံးဖော်ထဲတွင် တစ်ဦးအပါအဝင်ဖြစ်ပြီး ကိုယ်တိုင်လည်း "မေတ္တာ" (Loving-kindness) စာအုပ်ဖြင့် အရောင်းရဆုံးစာရင်းဝင် စာရေးဆရာမ တစ်ဦးဖြစ်သည့် ရှယ်ရွန်ဆာလ်စ်ဘတ်ခ် (Sharon Selzberg) ကလည်း "ကျွန်မဘဝနဲ့ဓမ္မကျင့်စဉ်အပေါ် ပြောမပြနိုင်လောက်အောင် လွှမ်းမိုးမှုရှိခဲ့ပါတယ်"ဟု အမှတ်တရပြောဆိုခဲ့သည်။

ဆရာတော်ကြီးသည် ၁၉၈၄ ခုနှစ်တွင် ပထမဆုံးအကြိမ်ဖြစ် အမေရိကန် ပြည်ထောင်စုတွင် တရားပြခဲ့သည်။ မက်ဆီချူဆက်ပြန်နယ် ဘယ်ရီ (Barre) မြို့ရှိ ရဲသုံးဖော်ထောင်ခဲ့သည့် (Insight Meditation Society) သို့ IMS ဟု အတိုကောက် ခေါ်သော တရားရိပ်သာတစ်ခုတွင် သုံးလစခန်းဖွင့်ကာ တရားပြခဲ့သည်။ အဆိုပါ တရားစခန်းသည် အမေရိကန်

http://www.dhammadownload.com



ဗုဒ္ဓဘာသာဝင် လောကနှင့် သတိပဋ္ဌာန် လေ့လာလိုက်စားသူများ လောကတွင်အရေးကြီးသည့် သမိုင်းဝင်မှတ်တိုင်တစ်ခုဟုဆိုရမည်ဖြစ်သည်။ ယနေ့ အမေရိကန် ပြည်ထောင်စုတွင် အထင်ကရ ဖြစ်ကြသော တရားပြဆရာအများစုသည် အဆိုပါ သုံးလစခန်း၌ ဆရာတော်ကြီး၏ လမ်းညွှန်မှုအောက်တွင် အားထုတ်ခဲ့ကြသူများ ဖြစ်သည်။ ရဲသုံးဖော်ဖြစ်ကြသည့် ရှယ်ရွန်၊ ဂျိုးဇက်နှင့် ဂျက်ကွန်ဖီးလ်တို့အပြင် 'လယ်ရီ ရိုဇင်ဘာအ်ခ် (Larry Rosenberg)၊ ဂေဖရန်ဒယ် (Gil Fronsdal)၊ စတီဗင်စမစ် (Steven Smith)၊ ၁တိဗ် အမ်စရောင်း (Steve Armstrong) တို့အားလုံး အဲဒီစခန်းမှာ အားထုတ်ခဲ့သူတွေပါ' ဟု ကိုယ်တိုင်အားထုတ်ခဲ့သူတစ်ဦးဖြစ်သည့် ရွန်ဘရောင်းနင်း (Ron Browning) က ဆိုပါသည်။

ဆရာတော်ရဲ့အဲဒီ ၁၉၈၄ တရားစခန်းမတိုင်ခင်က IMS မှာ တရားပြမှုတွေ တရားစခန်းတွေ ရှိခဲ့ပါတယ်။ "ဒါပေမဲ့ အဲဒီလောက် စနစ်မကျခဲ့ပါဘူး။" ဟု ရွန်ကပင် ဆိုပါသည်။

၁၉၈၄ တရားစခန်း၏ နောက်ထပ်အရေးပါ

http://www.dhammadownload.com



အရာရောက်မှုတစ်ခုသည် ထိုစခန်းတွင် ဆရာတော် ပို့ချခဲ့သော တရားများကို ပေါင်းစည်း၍ "ဤပစ္စုပ္ပန် ဘဝ၌ပင်"ဟု အမိပ္ပါယ်ရသော "In This Very Life" စာအုပ်ကို ထုတ်ဝေဖြန့်ချိခဲ့ကြခြင်း ဖြစ်သည်။ "ကျွန်တော် တို့ အဖိုးအခနဲ့ ထုတ်ဝေဖို့ ဆုံးဖြတ်ခဲ့ခြင်းဟာ အဲဒီလို လုပ်မှ စာဖတ်သူကျယ်ကျယ်ပြန့်ပြန့်လက်ထဲရောက်ရှိမှာ၊ စင်ပေါ်မှာ ကြာကြာရှိမှ ဖြစ်ပါတယ်" ဟု စာအုပ်ဖြစ် မြောက်ရေးတွင် ကိုယ်တိုင်ပါဝင်ခဲ့သူ ရွန်က ရှင်းပြခဲ့ပါ တယ်။ ပုံနှိပ်ထုတ်ဝေခဲ့သည်မှာ နှစ်ပေါင်း နှစ်ဆယ့် ငါးနှစ်ကျော်ကြာပြီဖြစ်သည့်တိုင် ယင်းစာအုပ်မှာ အမေရိကန်ပြည်ထောင်စု၏ အထင်ကရ စာအုပ်ဆိုင် များ၏ စင်များပေါ်တွင် ယနေ့တိုင်တွေ့နေရဆဲဖြစ်သည်။

"ဒါပေမဲ့ မြန်မာနိုင်ငံတွင်းမှာတော့ စာအုပ်ကို ဈေးနှုန်းချိုသာစွာနဲ့ ရရှိအောင် ဖန်တီးနိုင်ခဲ့ပါသည်။" ဟု ရွန်က ထပ်မံဖြည့်စွက်ခဲ့ပါတယ်။ စာအုပ်ကို ၁၉၉၁ ခုနှစ်တွင် ထုတ်ဝေခဲ့သော်လည်း အကျိုးဆက်က မိမိတို့ မမျှော်မှန်းခဲ့သောနေရာများတွင် ဆက်လက်ရောက်ရှိ နေဆဲဖြစ်သည့်အကြောင်းကို ရှယ်ရွန်က သူမ၏ နောက်ထပ်စာအုပ်တစ်အုပ်ဖြစ်သည့် "သဒ္ဓါ" (Faith)

http://www.dhammadownload.com



စာအုပ်ထဲတွင် ရေးသားခဲ့သည်။ ဒေါ် အောင်ဆန်းစုကြည် နေအိမ်အကျဉ်းချခံရစဉ် တရားကျင့်ရာတွင် အထောက် အကူဖြစ်ရန် ခင်ပွန်းဖြစ်သူ မိုက်ကယ်အဲရစ်က ဆရာ တော်၏ 'In this very life' စာအုပ်ကိုပင် အဝေးမှ နေ၍ ဓမ္မလက်ဆောင်ပေးပို့ခဲ့သည်ကို အမေရိကန်ရှိ ဆရာတော်၏တပည့်သာဝကများက ပီတိဖြစ်ဖွယ် ပြန်လည် ကြားသိခဲ့ကြသည်။

အမေရိကန် သတိပဋ္ဌာန်လိုက်စားသူများ အသိုင်းအဝိုင်းတွင် ဆရာတော်မှာ စည်းကမ်းကြီးသူ၊ ကြပ်သူ၊ သတိကို အမြဲလက်ကိုင်ထားစေသူအဖြစ်ဖြင့် နာမည်ကြီးသည်။ "ဆရာတော်ကြီးက သတိနဲ့ပတ်သက် ပြီးတော့ မြင့်မားတဲ့ စံတစ်ခုကိုထားပြီး သူကိုယ်တိုင်လည်း ရှေ့က ဦးဆောင်လမ်းပြခဲ့သလို ကျွန်တော်တို့တစ်တွေ အားလုံးကိုလည်း အဲဒီစံမီဖို့ ကြိုးစားစေခဲ့ပါတယ်။ အင်မတန်သိမ်မွေ့ပြီး စူးရှထက်မြက်တဲ့ သတိနဲ့ သမာဓိ ကျွန်တော်တို့သန္တာန်မှာ တည်တဲ့အထိ ကြိုးစားအားထုတ် စေခဲ့တယ်။ ကိုယ်ကိုင်တရားပြဆရာဖြစ်လာတဲ့အခါမှာ လည်း ကျွန်တော်တို့ရဲ့ သင်ကြားမှုတွေဟာ ဆရာတော် ကြီးရဲ့နည်းလမ်းနဲ့ ဆုံးမသွန်သင်မှုရဲ့လွှမ်းမိုးမှုအောက်

http://www.dhammadownload.com



အလွန်ပွင့်လန်းသော အပြုံးပန်းတစ်ပွင့် ဆင်မြန်းလာသည်ကို အခြားယောဂီများ တွေ့လိုက်ရကြောင်းကို ရွန်ဘရောင်းနင်းက ဆောင်းပါးရှင်ကို ပြန်လည်ပြောကြားခဲ့သည်။

ဆရာတော်သည် အမေရိကန်လူငယ်များ ကျင့်ကြံအားထုတ် လေ့လာသင်ယူရန် လိုအပ်ကြောင်းကို သိရှိပြီး အမေရိကန်လူငယ်များနှင့် အနာဂတ်မျိုးဆက်ကို သင်ကြားပေးဖို့ မမောမပန်းနိုင် ကြိုးစားခဲ့ကြောင်းကို ဆရာတော်ရဲ့လူရင်းတစ်ဦးဖြစ်တဲ့ အန်ဒရူးရှာဖာ (Andrew Scheffer) က ဆောင်းပါးရှင်ကို ရေးသားအသိပေးခဲ့သည်။ ၁၉၈၄ တရားစခန်းပြီး သိပ်မကြာခင် ဆရာတော်က အမေရိကန် တပည့်များကို ဆယ်ကျော်သက်များအတွက် တရားစခန်းဖွင့်ချင်ကြောင်းကို ပြောကြားရာတွင် ဆရာတော်၏ စည်းကမ်း ကြီးမှုကို သိသော ထိုတပည့်များက အမေရိကန် ဆယ်ကျော်သက်များနှင့် အဆင်မပြေနိုင်ဟု ထင်ထားကြသည်။ သို့ရာတွင် မလွန်ဆန်ဝံ့ဘဲ ဆရာတော် ဦးဆောင်ပြသသည့် ဆယ်ကျော်သက်များအတွက် တရားစခန်းဖွင့်ခဲ့ရာ မထင်မှတ်ဘဲ အောင်မြင်မှုများစွာ ရရှိခဲ့သည်။

http://www.dhammadownload.com



"ဆရာတော်က စည်းကမ်းတင်းကျပ်တာမှန်ပေမယ့်လို့ သူဟာကိုယ်ပြောတဲ့အတိုင်း ကိုယ်ကိုယ်တိုင်ကျင့်တဲ့ လူတစ်ယောက်ဖြစ်တယ်ဆိုတာကို သူတို့တွေသိလာတယ်။ ဆရာတော်ရဲ့ ရိုးဖြောင့်တည်ကြည်မှုကို ကလေးတွေ တအားလေးစား ချစ်ခင်ကြည်ညိုကြတယ်" လို့ ရှယ်ရွန်က ပြန်လည်အမှတ်ရပြောပြပါသည်။ ယင်းနောက်တွင်တော့ ဆယ်ကျော်သက်များ တရားထိုင်နိုင်သည်ဆိုခြင်းမှာ အမေရိကန် ဝိပဿနာလောကတွင် ပျံ့နှံ့သွားပြီး ဆယ်ကျော်သက်များအတွက် ပုံမှန်တရားစခန်းများ အလျှိုလျှို ပေါ်ပေါက်လာတော့သည်။

ဒုလ္လဘရဟန်းဝတ်၍ ဆရာတော်ကြီးနှင့်အတူ အမေရိကန်နိုင်ငံတစ်ဝန်း တရားစခန်းများတွင် တရားပြခဲ့သူ ရွန်ကလည်း အမေရိကန်လူငယ်တစ်ဦး၏ ဖြစ်ရပ်ကို အခြေပြုပြီး ဆရာတော်ကြီး၏ လူငယ်များအပေါ် လွှမ်းမိုးအကျိုးသက်ရောက်မှုကို ရှင်းပြခဲ့သည်။ နစ်ကိုးရစ်စီ (Nicole Ricci) အမည်ရှိ အမျိုးသမီးငယ်သည် ၁၆ နှစ်အရွယ်တွင် အမေရိကန်နိုင်ငံရှိ ဆရာတော်၏ တရားစခန်းတစ်ခုတွင် အားထုတ်ခဲ့ပြီး မြန်မာနိုင်ငံသို့ လိုက်၍ သီလရှင်ဝတ်ကာ ရက်ရှည်လများအားထုတ်ခဲ့

http://www.dhammadownload.com



သည်။ ဆရာလေး နှစ်ကိုးက မြန်မာနိုင်ငံအတွင်း၌ပင် တွေ့ရှိခဲ့သော ဂျာမန်လူငယ်လေးကို တရားပြဆုံးမခဲ့ ရာမှ ထိုလူငယ်သည်လည်း ဆရာတော်ကြီးထံတွင်ပင် ရဟန်းဝတ်ကာ နောင်တွင် ဆရာတော် ဦးဝိဝေကနန္ဒ ဘွဲ့ဖြင့် ထင်ရှားလာကာ နီပေါနိုင်ငံရှိ ပဏ္ဍိတာရာမ လုမ္ဗိနီကျောင်းထိုင်အဖြစ် သာသနာပြုဆဲဖြစ်သည်။

ဆရာတော်ကြီး၏ သင်ကြားမှုတွင် စာတွေ့နှင့် လက်တွေ့ပေါင်းစပ်နိုင်ရုံတင်မကဘဲ တစ်ဦးချင်း လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ကြောင်း အန်ဒရူး ရှာဖာက ဖြေကြားခဲ့သည်။ ဤကဲ့သို့ သင်ကြားနိုင်ခဲ့ ခြင်းမှာ ဆရာတော်ကြီး၏ စာပေကျမ်းဂန် နှံ့စပ်ကျွမ်းကျင် မှု သာမကဘဲ သူ၏ ကိုယ်တွေ့ကျင့်စဉ် ပေါက်မြောက် မှုကြောင့် ဖြစ်ကြောင်း ဂျိုးဇက်ဂိုးစတိန်းက ပြောကြား ခဲ့သည်။

ဆရာတော်ကြီး ပျံလွန်တော်မူသွားခဲ့သော် လည်း သူရည်သန်ခဲ့သည့် ဆန္ဒများကို ဆက်လက် အကောင်အထည်ဖော်သွားမည်ဟု တပည့်များက တညီတညွတ်တည်း ပြောကြားသွားခဲ့သည်။ "သူ့ကို တပည့်အများစုက ဆရာတစ်ဆူအနေနဲ့ သတ်မှတ်ကြ

http://www.dhammadownload.com



ပေမယ့် ဆရာတော်ကြီးကတော့ လူပုဂ္ဂိုလ်ထက် ဆရာရဲ့ဂုဏ်သတ္တိများကိုသာ အလေးပေးအားထားဖို့ ကိုးကွယ်မှု မမှားစေအောင် ဆုံးမသွန်သင်ခဲ့ပါတယ်" ဟု အန်ဒရူးကပင် ဆက်လက် ပြောကြားခဲ့သည်။

"ဆရာတော်ကြီး ဦးပဏ္ဍိတ ပျံလွန်တော်မူသွားခြင်းဟာ ကြီးမားတဲ့ ဆုံးရှုံးမှုကြီးတစ်ရပ်ဖြစ်ပေမယ့် ကျွန်မတို့အနေနဲ့ သူသက်တော်ထင်ရှားရှိစဉ်အခါက မမောနိုင် မပန်းနိုင် သင်ကြားပြသခဲ့တဲ့ တရားဓမ္မတွေအတွက် ကျေးဇူးအထူးတင်နေကြပါတယ်" ဟု ကမယ်လာမာစတာစ်က ရေးသားဖြေကြားခဲ့ပါတယ်။

"မြန်မာနိုင်ငံရှိ ပြည်သူများကို ပြောချင်တာကလည်း ကျွန်မတို့လာရောက် အားထုတ်စဉ်တုန်းကလည်း အစားအသောက်ကအစ လိုလေသေးမရှိအောင် ဖြည့်ဆည်းပေးမှုတွေအပြင် ဒီလိုကောင်းမွန်တဲ့ တရားဓမ္မများကို နှစ်ရာ၊ ထောင်ချီ စောင့်ရှောက်ထိန်းသိမ်းပေးခြင်းအပေါ် အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားချင်ပါတယ်"လို့ ရှယ်ရွန်က ဆိုပါတယ်။

"ဆရာတော်ကြီးလိုမျိုး ပုဂ္ဂိုလ်ထူးတွေရဲ့ အဆုံးအမနဲ့ ကျင့်ကြံအားထုတ်ရတာဟာ ပါဠိတော်ထဲမှာပါတဲ့

http://www.dhammadownload.com



ဗုဒ္ဓသက်ရှိထင်ရှားရှိစဉ်အခါမှာ နေထိုင်ရသလိုပဲ ခံစားမိပါတယ်” လို့ သူ့ရဲ့ ဓမ္မမိတ်ဆွေ ဂျိုးဇက်ကို ကိုးကားပြီး ရှယ်ရွန်က ဆောင်းပါးရှင်နှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။ ဤကဲ့သို့ မြင့်မြတ်ကောင်းမွန်တဲ့ အဆုံးအမများတည်ရှိသောနေရာတွင် ဘာသာရေး အကြမ်းဖက်မှုများ ဖြစ်နေခြင်းအပေါ် လည်း အံ့ဩတုန်လှုပ်မိကြောင်း ဖြေကြားခဲ့သည်။

ရွန်ကမူ ကန့်ရေပြင်တွင် ဖြစ်ပေါ် သော လှိုင်းများကို ပမာပြုပြီး ဆရာတော်ကြီး၏ တည်ငြိမ်အေးချမ်းသော သာသနာပြုမှုဖြစ်ပေါ် ပွားများလာသောအကျိုးဆက်များ၏ ရေတွက်၍ မရပုံကို ရှင်းပြနေစဉ် စာရေးသူမှာလည်း လှုနှလုံးသားသည်သာလျှင် ဘုရားတည်ရန်အသင့်တော်ဆုံးနေရာ ဖြစ်ကြောင်းမှတ်ယူယုံကြည်မိပါသည်။

ရန်မင်းအောင်
The Voice Weekly
Vol.12/ No.14 မှ ကူးယူဖော်ပြပါသည်။

ᄀ ᄀ ᄀ

http://www.dhammadownload.com



# ကျေးဇူးရှင် ပဏ္ဍိတာရာမဆရာတော်ဘုရားကြီး
# သက်တော်ထင်ရှားရှိစဉ်
# လက်ရေးဖြင့် နောက်ဆုံးရေးသားသွားသော
# ဩဝါဒဓမ္မ

## ဖြစ်ပေါ်လာပုံ

ဆရာတော်ဘုရားကြီး စံလွန်တော်မမူမီ အာရုံတော်ဝင်ဆေးရုံကြီး၌ ညနေခင်းတစ်ခုမှာ ဆရာတော်ကြီးက "အရှင်စာရွက်လေးတစ်ခုလောက် ယူပေးပါလား အရှင်"


စာရေးသူ "တင်ပါ့ဘုရား"

စာရေးသူက စာရွက် အလွတ်တစ်ခုအသစ် ယူပေးလိုက်သောအခါ-

ဆရာတော် ဘုရားကြီးက "ရေးပြီးသားအပိုင်းလေးပဲ ယူလိုက်ပါ၊ မကုန်သင့်တာ မကုန်အောင် လုပ်ရပါတယ်၊ ဖြုန်းမပစ်ရပါဘူး"

http://www.dhammadownload.com





ဆရာတော်ဘုရားကြီး၏ မူရင်းလက်ရင်းမှု

စာရေးသူ "တင်ပဲ့ဘုရား"

အနီးရှိဆေး မှတ်တမ်းအတွက် ခဏမှတ်ထားသော စာရွက်အဟောင်းလေး ယူလိုက်ပါတယ်။ (ဒါဟာ ဆရာတော် ဘုရားကြီးရဲ့ တပည့်များအားလုံးကို ပစ္စည်းများသုံးစွဲရာမှာ စည်းကမ်းရှိစွာ မကုန်သင့်တာ မကုန်ရအောင် ဆုံးမခြင်းဖြစ်ပါတယ်) ဆရာတော်ဘုရားကြီး ဂါထာလေးစတင်ရေးသားပါတယ်။

**အနန္တာဒီနဝေါ ကာယော၊ ဝိသရုက္ခသမူပမော။**

**အာဝါသော သဗ္ဗရောဂါနံ၊ ပုဉ္ဇော ဒုက္ခဿ ကေဝလော။**

ဆရာတော်ကြီးက "ဒီဂါထာအနက်ပေးပြစမ်းပါအုံး အရှင်"။ စာရေးသူကား ဖြစ်သင့်သလို အနက်ပေးလိုက်သောအခါ. . .

http://www.dhammadownload.com

( ၄၇ )

ဆရာတော်ကြီးက "အေး ဟုတ်ပြီ" ဟုဆိုပြီး ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ပြန်ပြီး ပေးပြပါတယ်။

**ကာယော** - ခန္ဓာကိုယ်ကြီးသည်၊ **အနန္တာဒီနဝေါ-** များသောအပြစ်ရှိပါပေ၏၊ အပြစ်တွေ ဗလပွသာတည်း။ **ဝိသရုက္ခသမူပမော-** အဆိပ်ပင်ကြီးနဲ့ တူလှပါပေ၏။ **အာဝါသော သဗ္ဗရောဂါနံ**-ရောဂါအားလုံးတို့ရဲ့ ပျော်ရာစံအိမ်ကြီးပဲ။ **ပုဉ္ဇော ဒုက္ခဿကေဝလော**-ဒုက္ခအစုအပုံချည်းသက်သက်သာတည်း။ ဟု မိန့်တော်မူ ဆုံးမသွားပါတယ်။

(ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး၏ ဂုဏ်ရည်များကို ရည်မှန်းလျက်)

(မမွှစက်ဝန်း FB account မှ ကူးယူဖော်ပြပါသည်)

ר ר ר

http://www.dhammadownload.com

ရွှေတောင်ကုန်းဆရာတော်ကြီး ၏
နောက်ဆုံးဩဝါဒအဆုံးအမ

**" နိုင်ငံအကျိုး၊ လူမျိုးအကျိုး၊ ဗုဒ္ဓသာသနာ အကျိုးကို**

**အထူးကြိုးစားပြီး ဆောင်ရွက်ကြပါ "**

နိုင်ငံခေါင်းဆောင်ကြီး (၂)ဦး၏ ကိုယ်စား
ကျန်းမာရေးဝန်ကြီး ဒေါက်တာမြင့်ထွေး နှင့်
ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တို့
လာရောက်ကန်တော့ရာ
ရန်ကုန်ပြည်သူ့ဆေးရုံကြီးပေါ်၌ မိန့်ကြားခဲ့ပါသည်။
(၇-၄-၂၀၁၆) ကြာသပတေးနေ့

❒ ❒ ❒

http://www.dhammadownload.com

ဦးသိန်းထိုက်ဦး + ဒေါ်မျိုးမျိုးမင်းနှင့်
သမီး မမေဇင်ဦး မိသားစု ၏
ဓမ္မဒါန